
စိတ်ကူးချိုချို အနုပညာ

mgyoe.com

# မူကြိုအရွယ် ကလေးငယ်များကို ဖတ်ပြဖို့ လက်ရွေးစင်ပုံပြင်များ



mgyoe.com

mgyoe.com

DSY0004
1,200.00 KS

mgyoe.com

# မူကြိုအရွယ်ကလေးငယ်များကိုဖတ်ပြဖို့ပုံပြင်များ

ဒေါ်စောရင်(ဘီအေဘီအီးဒီ)

mgyoe.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အတွင်းသရုပ်ဖော် | - | ညီညီ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၈၀၈·၈၈

ကလောင်စုံ

မူကြိုအရွယ်ကလေးငယ်များကိုဖတ်ပြဖို့ပုံပြင်များ ၊ -ရန်ကုန်၊

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။

စာမျက်နှာ ၆၂ မျက်နှာ၊

၁၂·၅ စင်တီ× ၁၈·၅ စင်တီ

(၁) မူကြိုအရွယ်ကလေးငယ်များကိုဖတ်ပြဖို့ပုံပြင်များ

၂၀၁၂၊ ဧက်တင်ဘာလ၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

## ။ မာတိကာ ။


| | | |
|---|---|---|
| ၁။ | ယုန်လိမ္မာ | ၁ |
| ၂။ | အလှပြိုင်ပွဲ | ၃ |
| ၃။ | အမြီးမလှပ် ဖြေပြုဒုတ် | ၆ |
| ၄။ | ငယ်သော်လည်း သတ္တိရှိသူ | ၁၀ |
| ၅။ | သိချင်းသည် ချိုးကလေး | ၁၄ |
| ၆။ | တံငါသည် လင်မယား | ၁၈ |
| ၇။ | ပျူစောထီး | ၂၂ |
| ၈။ | ယုန်ကလေးရဲ့ မြီးတံတို | ၂၄ |
| ၉။ | ဖျိုင်းထက် ပုစွန် ပညာလွန်ဟူသော စကားအကြောင်း | ၂၇ |
| ၁၀။ | အငယ်ဆင့် မျောက်နှင့် မိကျောင်း | ၂၉ |
| ၁၁။ | မြေခွေးနှင့်ဖျံ | ၃၀ |
| ၁၂။ | ချိုးနှင့်ပုရွက်ဆိတ် | ၃၁ |
| ၁၃။ | အစားကြီးသော ကြွက်ဖြူကလေး | ၃၂ |
| ၁၄။ | စွန်လိုက်ခြင်း | ၃၃ |
| ၁၅။ | ထီးစုတ်ကြီး | ၃၄ |
| ၁၆။ | ခြင်္သေ့နှင့် ကြွက် | ၃၆ |
| ၁၇။ | ညီအစ်မ ခုနစ်ဖော်နှင့် မြွေမင်းသား | ၃၈ |
| ၁၈။ | ရန်သူကြီး သုံးဦး | ၄၁ |
| ၁၉။ | ရွှေခဲကြက်တူရွေး | ၄၄ |
| ၂၀။ | မရှုပ်ပွ | ၄၈ |


mgyoe.com

mgyoe.com

၂၁။ သားရွှေခဲ ၄၉
၂၂။ မိတ်ကောင်းဆွေသဟာ ငှက်များစွာ (ကျီးကို ဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရှိသေ) ၅၁
၂၃။ ကျားဆရာ ကြောင် ၅၃
၂၄။ ငှက်မလေး မယ်တဆုပ် ၅၅
၂၅။ ဘဲရုပ်ဆိုးကလေး ၅၇
၂၆။ ခြသေ့်နှင့် ဖားအကြောင်း ၆၀
၂၇။ ယုန်နှင့်လိပ်တို့အကြောင်း ၆၂

✣ ✣ ✣

mgyoe.com

mgyoe.com



## ယုန်လိမ္မာ

တောတစ်တောတွင် ကျားနှင့်ဆင်တို့ အအော်ပြိုင်ရန် တိုင်ပင်ကြလေ၏။ ကျားသည် အအော်မပြိုင်ခင် သူ၏တောတိရစ္ဆာန်များကို ခေါ်ပြီးလျှင် 'အဆွေတို့ နက်ဖြန်မနက်တွင် ငါနှင့်ဆင်တို့နှစ်ဦး အအော်ပြိုင်ကြမည်။ ငါ အော်လိုက်သောအခါ သင်တို့သည် ငါ့အသံနှင့်တစ်ပြိုင်တည်း ဝိုင်း၍အော်ကြပါ။ ငါ အနိုင်ရ၍ ဆင်၏အသားကို စားရသောအခါ သင်တို့အားလည်း ကျွေးပါမည်'ဟု ပြောဆိုလေသည်။

နောက်တစ်နေ့ မနက်တွင် ဆင်ရောက်လာ၍ အအော်ပြိုင်ကြရာ ဆင်အော်သည့်အခါ၌ တစ်ကောင်တည်း အော်ရ၍ ကြာရှည်မအော်နိုင်ပေ။ ကျားက အော်သောအခါ တောတိရစ္ဆာန်များက ဝိုင်းကူ၍အော်ပေးသဖြင့် ဆင်မှာ ရှုံးရလေ၏။ ထိုအခါ ကျားက ဆင်အား'ကဲ–ကျုပ်အသံက ကျယ်လည်းကျယ်တယ်၊ ကြာကြာလည်းအော်နိုင်တယ်။ အသင်ရှုံးပြီ။ အသင်၏အသားကို ဘယ်တော့စားရမလဲ'ဟု မေးသောအခါ ဆင်က'အခုတော့ ချမ်းသာပေးပါဦးမိတ်ဆွေ၊ နောက်ခုနစ်ရက်ရှိသောအခါ ကျုပ်ကို ဟောဒီနေရာမှာ လာစားပါ'ဟု ဆိုပြီးလျှင် ထိုနေရာမှ ခွဲခွာကြလေ၏။

mgyoe.com

mgyoe.com



ဆင်သည် နောက်ခုနစ်ရက်ရှိလျှင် ကျားက စားတော့မည်ဖြစ်သဖြင့် ကြောက်လန့်ပြီးလျှင် တောင်ပူစာတစ်ခုပေါ်တွင် ထိုင်ကာ မှိုင်နေလေ၏။ ကြောက်ရှာလွန်းသဖြင့် ကျား၏ဘေးရန်မှ ဘယ်ကဲ့သို့ လွတ်ရမည်ကို တွေးတောကာ ငိုယိုနေလေရာ ကျလာသောမျက်ရည်များသည် စမ်းချောင်းကလေးတစ်ခုကဲ့သို့ တသွင်သွင်စီးဆင်းလျက်ရှိလေ၏။ ထိုအခိုက် ယုန်တစ်ကောင်သည် ကန်စွန်းရွက်ခူးစားရန် ထိုနေရာသို့ ရောက်ရှိလာရာ အခါတိုင်း ဤနေရာတွင် စမ်းချောင်းမရှိပါဘဲလျက် ယနေ့မှ အဘယ့်ကြောင့် စမ်းရေများ စီးနေရပါသနည်းဟု တွေးကာ စမ်းချောင်းကလေးတစ်လျှောက် လိုက်လာခဲ့လေရာ ငိုယိုနေသော ဆင်ကြီးကို တွေ့ရှိရလေ၏။

ယုန်လည်း ငိုနေသော ဆင်ကြီးအနားသို့ကပ်၍ 'ဆင်ကြီးခင်ဗျား၊ ဘာကြောင့် ယခုလို ငိုနေရပါသလဲ၊ ပြောပြစမ်းပ'ဟု မေးမြန်းလေ၏။ ဆင်ကြီးက 'ကျုပ်နှင့်ကျား အအော်ပြိုင်ကြရာ ကျားက အနိုင်ရသွားပါသည်။ နောက်ခုနစ်ရက်ရှိရင် ကျားက ကျုပ်ကို စားပါလိမ့်မယ်။ ဒါကြောင့် ကျုပ်သေမှာကို ကြောက်လို့ ငိုနေတာပါ'ဟု ပြန်ပြောပြလေ၏။ ထိုအခါ ယုန်က ဆင်ကြီးကိုသနားလာ၍ 'မကြောက်ပါနဲ့ ဆင်ကြီး၊ ကျားလာမယ့်နေ့မှာ ထမနဲတစ်အိုးသာကျိုထားနှင့်ပါ။ ကျုပ်လာပြီး သင့်ကိုကယ်ပါမည်' ဟု ဆိုကာပြန်သွားလေ၏။ နောက်ခုနစ်ရက်ရှိသောအခါ ဆင်သည် ထမနဲတစ်အိုးကျိုပြီးလျှင် ယုန်ကိုစောင့်နေလေ၏။

ကျားလည်း ယနေ့ ဆင်၏အသားကို စားရတော့မည်ဟု ဝမ်းသာအားရစွာဖြင့် တစ်တောလုံး ညံနေအောင် ဟိန်းနေ၏။ ထိုခဏ၌ ယုန်ရောက်လာလေ၏။ ယုန်သည် ဆင်ကြီးအနီးသို့လာ၍'အဆွေဆင်ကြီး၊ ဟောသည်နေရာမှာထိုင်ပါ၊ အဆွေ၏ခေါင်းပေါ်မှာ မီးဖိုပါရစေ၊ ကျုပ်လည်း အဆွေ၏ခေါင်းပေါ်ကနေ၍ ကျားကို စောင့်ရပါမည်။ ကျားလာသောအခါ အဆွေက ကျုပ်မေးတာကိုဖြေပါ၊ ဘာမှမကြောက်ပါနှင့်'ဟု တိုးတိုးမှာထားပြီးလျှင် ဆင်၏ခေါင်းပေါ်မှ ထမနဲကျိုနေဟန် ပြုနေလေသည်။

မကြာမီ ကျားလည်း သူ၏တောတိရစ္ဆာန်များကို ခေါ်ပြီးလျှင် ဆင်၏အသားကိုစားရန် ရောက်လာလေ၏။ ယုန်သည် ကျားကိုမြင်သောအခါ ထမနဲအိုးကို မွှေနေရာမှ 'အဆွေဆင်၊ ကျားဘယ်အတွက် ရောက်လာပါသလဲ'ဟု မေးလေ၏။ ဆင်ကလည်း ယုန်မှာထားသည့်အတိုင်း 'အဆွေယုန် ကျားသည် ကျုပ်အသားကိုစားရန် လာပါသည်' ဟု ပြန်ပြောစဉ် ယုန်က ကြားဖြတ်၍'သယ်...ငါပင်လျှင် သင်၏ဦးနှောက်များကို ကျိုစားနေသည်မှာ မဝသေး၊ ကျား၏ဦးနှောက်များကိုပါ စားမှ ဝပေတော့မည်'ဟု ပြောဆိုပြီးလျှင် ထမနဲများကို ကော်၍ ဆင်ဦးနှောက်စားနေဟန် ပြုလုပ်ပြလေ၏။

ထိုအခါ ဆင်၏အသားကို စားမည်ဟု ရောက်လာသောကျားသည် ဆင့်ခေါင်းပေါ်က ယုန်၏စကားကို တကယ်ပင် ထင်မှတ်ပြီးလျှင် ကြောက်လန့်ကာ သူ၏တောတိရစ္ဆာန်များကို ခေါ်လျက် ပြန်ပြေးသွားကြလေသတည်း။

နယဉ်

(နယဉ်ပုံပြင်များမှ)

✣ ✣ ✣

mgyoe.com

mgyoe.com



အလှပြိုင်ပွဲ

တစ်ရံရောအခါက ကျေးရွာကြီးတစ်ရွာတွင် ပစ္စည်းကြွယ်ဝသော သူဌေးကြီးလေးဦးတို့ အေးအေးလူလူ နေထိုင်လျက်ရှိကြသည်။

ထိုလေးဦးသော သူဌေးကြီးတို့အနက် တစ်ဦးမှာ လယ်ယာကိုင်းကျွန်းများကိုလုပ်ကိုင်ရင်း ချမ်းသာကြွယ်ဝနေသည်။ တစ်ဦးမှာ ရွှေငွေလုပ်ငန်းဖြင့် ထားစရာမရှိအောင် ချမ်းသာနေသည်။ တတိယတစ်ဦးမှာ တွင်းထွက်ကျောက်သံပတ္တမြားတို့ဖြင့် ကြွယ်ဝနေသူဖြစ်ပြီး နောက်ဆုံး စတုတ္ထသူဌေးကြီးကား အထည်အလိပ်များကို ကုန်ရောင်းကုန်သွယ်ပြုရာမှ အကျိုးပေးထူးကာ သူဌေးစာရင်းဝင်လာသူ ဖြစ်သည်။

သူဌေးကြီးလေးဦးတို့မှာ မိမိတို့နေထိုင်ရာ ကျေးရွာနှင့်မတန်အောင် ချမ်းသာကြွယ်ဝနေသူများ ဖြစ်ကြသည်။ သူတို့နေထိုင်ရာကျေးရွာနှင့် မနီးမဝေးတွင် မင်းနေပြည်တော်ကြီးရှိသည်။

ဘုရင်မင်းမြတ်ကြီးလည်း နေပြည်တော်မှနေ၍ သူဌေးကြီးလေးဦးတို့၏ သတင်းကို ကြားတော်မူသည်။ ထိုသူဌေးကြီးလေးဦးတို့အနက်မှ မည်သူသည် မိမိတိုင်းပြည်အတွက် အစစ်အမှန်အရေးပါသည့် ပုဂ္ဂိုလ်ဖြစ်

mgyoe.com

mgyoe.com

နိုင်မည်နည်းဟု ဆန်းစစ်လိုသောဆန္ဒဖြစ်ပေါ်လာသည်။

ဘုရင်ကြီးလည်း ထိုအကြောင်းကို ပညာရှိသုခမိန်များနှင့် အကြိမ်ကြိမ်တိုင်ပင်ဆွေးနွေးပြီး ထိုသူဌေးကြီးလေးဦးတို့ပါဝင်သော အလှပြိုင်ပွဲတစ်ခုကျင်းပရန် မှူးကြီးမတ်ရာသေနာပတိတို့အား စီစဉ်စေသည်။

အလှပြိုင်ပွဲတွင် သူဌေးကြီးလေးဦးတို့သည် မိမိတို့ကြွယ်ဝချမ်းသာရာ ပစ္စည်းများဖြင့် အဝတ်အထည်ချုပ်လုပ်၍ အသီးသီး ဝတ်ဆင်လာကြရမည် ဖြစ်သည်။

လယ်ယာကိုင်းကျွန်းဖြင့် ကြွယ်ဝလာသူ သူဌေးကြီးသည် သူ့လယ်ထွက် ကောက်ညှင်းဆန်ဖြင့်ပြုလုပ်သော မုန့်မျိုးစုံကို တစ်ကိုယ်လုံးချိတ်ဆွဲကာ အဝတ်အစားအဖြစ် ဝတ်ဆင်လာသည်။

ရွှေငွေဖြင့် ချမ်းသာကြွယ်ဝသူကလည်း ရွှေငွေဖြင့်ပြီးသော အဝတ်အစားများကို ဆင်မြန်းလာသည်။ ကျောက်သံပတ္တမြား သူဌေးကလည်း ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်ချုပ်လုပ်သော အဝတ်အစားများကို ဆင်ယင်လာသည်။ အထည်အလိပ်ဖြင့် ချမ်းသာသူကလည်း အကောင်းဆုံးအဝတ်အထည်များကို တခမ်းတနားချုပ်၍ ဝတ်စားလာသည်။

လယ်ယာကိုင်းကျွန်းဖြင့် ချမ်းသာကြွယ်ဝလာသူ သူဌေးကြီးမှာ သူ့တစ်ကိုယ်လုံး မုန့်ဆီကြော်၊ ကောက်ညှင်းထုပ်များဖြင့် ပြည့်နှက်နေရကား သားသမီးများလည်း သူတို့၏ဖခင်ကြီးအား ကြည့်ပြီးရှက်နေကြသည်။ ထိုသို့ဝတ်စား၍ မသွားရန်ကိုလည်း အတန်တန်တားမြစ်ကြသည်။ သူဌေးကြီးကမူ စိတ်ကူးဉာဏ်ဖြင့် သူဝတ်ကြောင်း သားသမီးတို့အား ပြန်ပြောပြီး အလှပြိုင်ပွဲတွင် အနိုင်ကြဲရန် အားခဲထွက်လာခဲ့သည်။

အလှပြိုင်ပွဲ ခင်းကျင်းရာနေရာသို့ အသီးသီးရောက်ရှိလာကြသောအခါ ပွဲကြည့်ပရိသတ်ကြီးလည်း သူတို့အား ကြည့်ပြီး အားရပါးရဝိုင်းရယ်ကြသည်။ သူဌေးကြီးသုံးဦးမှာ မျက်စိမျက်နှာများပျက်လျက် ရှက်ါလိုလို ဖြစ်လာကြသော်လည်း လယ်ယာကိုင်းကျွန်းပိုင်ရှင် သူဌေးကြီးမှာ ဣန္ဒြေပင်မပျက်ချေ။

မကြာမီ ဘုရင်ကြီးလည်း ပြိုင်ပွဲခင်းကျင်းရာမဏ္ဍပ်သို့ ကြွချီလာပြီး လေးဦးသော သူဌေးကြီးတို့အား မဏ္ဍပ်အတွင်းရှိ ကြိုတင်ဆောက်လုပ်ထားသော အခန်းတွင်းသို့ဝင်စေလျက် ခုနစ်ရက်ပြည့်မြောက်သည့်နေ့မှပင် မည်သူအလှဆုံးဆိုသည်ကို တိုင်းပြည်သို့ ကြေညာမည်ဖြစ်ကြောင်း မိန့်ကြားကာ အခန်းတံခါးကို အလုံပိတ်ထားလိုက်သည်။

သူဌေးကြီးလေးဦးတို့သည် ထိုအလုံပိတ်ထားသော အခန်းထဲ၌ အတူနေကြရာ ညနေစောင်း၍ ထမင်းစားချိန်ကျရောက်သည့်တိုင် သူတို့အား မည်သူမျှ အစားအာဟာရများ လာရောက်ကျွေးမွေးသည်ကို မတွေ့ရချေ။ ထိုအခါ လယ်သူဌေးလည်း မိမိကိုယ်တွင် ပါလာသောမုန့်ထုပ်များကို ဖြုတ်၍စားသည်။ ကျန်သူဌေးကြီးသုံးဦးတို့လည်း လယ်သူဌေးစားသည်ကို ကြည့်ပြီး သွားရည်ယိုလာသည်။ ဆာလွန်းမက ဆာလာသည်နှင့် လယ်သူဌေးထံမှတောင်းစားရာ မရသည့်အဆုံး၌ သူတို့ကိုယ်တွင်ပါလာသော ပစ္စည်းများဖြင့် လဲလှယ်စားကြသည်။

ထိုသို့ လဲလှယ်စားလာကြရာ တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှ သုံးရက်ကြာသော် သူဌေးကြီးသုံးဦးတွင် ပစ္စည်းအနည်းငယ်သာ ကိုယ်စီကျန်တော့သည်။ လယ်သူဌေးမှာမူ အစားအစာအတွက် ဒုက္ခမရောက်သည့်အပြင် ပစ္စည်းများပင် နေ့ချင်းညချင်း တိုးလာသည်။

ခုနစ်ရက်မြောက်သောနေ့တွင် ဘုရင်ကြီးလည်း အခြွေအရံများနှင့် ကိုယ်တော်တိုင် ပြိုင်ပွဲခင်းကျင်းရာမဏ္ဍပ်သို့ ကြွချီလာသည်။ လူထုပရိသတ်ကြီးမှာလည်း ဘုရင်ကြီး၏အဆုံးအဖြတ်ကို ကြားနာရန် အသင့်

mgyoe.com

mgyoe.com



ရောက်ရှိနေကြသည်။

မကြာမီဘုရင်ကြီးလည်း မဏ္ဍပ်အတွင်းရှိ အလုံပိတ်ထားသောအခန်းကို ဖွင့်စေရာ လယ်ယာသူဌေးကြီးမှာ အလှဆုံးဖြစ်နေသည်။

ဘုရင်ကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သူ၏တိုင်းပြည်တွင် လယ်သမားများကို အထူးအခွင့်အရေးပေးရမည့်အကြောင်း၊ ရွှေငွေကျောက်သံပတ္တမြား ပေါကြွယ်ဝခြင်းမရှိပေမယ့် ဆန်စပါးရှိလျှင် အောက်တန်းမကျဘဲ ကောင်းမွန်စွာနေနိုင်ကြောင်း၊ ကိုင်းကျွန်းလယ်ယာကို အားစိုက်ခွန်စိုက်လုပ်ကိုင်ခြင်းဖြင့် မြေကြီးမှ ရွှေသီးအောင် ကြိုးစားကြရမည်ဖြစ်ကြောင်းတို့ကို ဩဝါဒပေးပြီး အလှပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် လယ်ယာသူဌေးကြီးအား ဆုလာဘ်များ ပေးအပ်ချီးမြှင့်လိုက်လေသည်။

ညီညီလေး

(မွန်ပညာရှိကလေးမောင်ထော်ကဲနှင့်အဖော်များမှ)

✣ ✣ ✣

mgyoe.com

mgyoe.com



## အမြီးမလှုပ် ဖြူဒုတ်

တစ်ခါတုန်းက ကျွန်တော်တို့ရွာတွင် ဖြူဒုတ်ဆိုသော ခွေးတစ်ကောင်ရှိပါသည်။ ဖြူဒုတ်သည် အလွန်ပျင်းပါသည်။ ပျင်းသဖြင့် အလွန်လည်း ဖျင်းပါသည်။ တစ်နေ့လုံးခွေးကတတက်မှာ တဟားဟားနှင့်သမ်းကာ အိပ်၍နေပါသည်။ လမ်းလျှောက်ရမှန်းမသိ၊ လည်ပတ်ရမှန်းမသိ၊ သူခိုးလာ၍မှ ဟောင်ရမှန်းမသိပါ။

တစ်နေ့သောအခါ ထမင်းစားနေခိုက် အမြီးကိုနန့်ကြည့်ရာ မနန့်ဘဲနှင့်သေနေသည်ကို ဖြူဒုတ်သတိပြုမိပါသည်။ ဖြူဒုတ်များစွာ စိတ်ညစ်သွားပါသည်။ အမြီးမနန့်သောခွေးသည် အလွန်ရယ်စရာကောင်းပါသည်။ ထို့ကြောင့် ဖြူဒုတ်သည် တစ်နေ့တစ်နေ့တွင် မအိပ်နိုင်၊ မလျှောင်းနိုင်ဘဲ ငုတ်တုတ်ထိုင်၍ မှိုင်ကာသာ နေပါတော့သည်။ သူ့အကြောင်းကို သိသောအခါ ရွာထဲက အခြားသောခွေးများသည် သူ့ရှိရာလာ၍—

အမြီးမလှုပ်၊ ဖြူဒုတ်
ငုတ်တုတ်ထိုင်လို့မှိုင်

ဟု အော်ဟစ် ပြောင်လှောင်ကြပါသည်။

mgyoe.com

mgyoe.com



သို့သော်လည်း ဖြူဒုတ်၏သူငယ်ချင်း ကုပ်ကျားကတော့ ညနေတွင် ဖြူဒုတ်ထံသို့လာ၍ အကြံပေးစကား ပြောကြားပါသည်။'သူငယ်ချင်း – အမြီးမလှုပ်နိုင်လို့တော့ မဖြစ်ဘူး၊ အမြီးမလှုပ်ရင် မိတ်ဆွေလား၊ ရန်သူလား ခွဲခြားပြီး မသိနိုင်ဘူး၊ သည်တော့ မင့်ကိုခွေးမြင်တိုင်း ဝိုင်းကိုက်နေတော့မှာပေါ့'ဟု အကြံပေးစကား ပြောကြားပါသည်။

ဖြူဒုတ်လည်း ဘာလုပ်ရမည်မသိ၊ ငုတ်တုတ်ထိုင်၍ မှိုင်ကာသာနေသည်။ နောက်ဆုံးမှ ကဝေမကြီး ဘွားသူဇာကို ပြေး၍သတိရမိသည်။ ဘွားသူဇာတော့ မြင်လျှင် ငါ့အမြီးသေနေတာကို လှုပ်နိုင်အောင် လုပ်ပေးနိုင်မှာဟု ဆိုကာ ဘွားသူဇာ၏အိမ်သို့ သွားလေသည်။

ရောက်သွား၍ အဖြစ်အပျက်ကို ပြောပြသောအခါ ဘွားသူဇာက 'အေး–ငါ့မှာ အမြီးသေနေတာကို ရှင်အောင်ကုနိုင်တဲ့ ဆေးရှိတယ်။ ဒါပေမဲ့ ငါစားဖို့ ယုန်တစ်ကောင်ဖမ်းပေးမှ ဆေးကိုပေးမယ်'ဟု ဆိုလေသည်။

ဖြူဒုတ်သည် တောထဲသို့ဝင်၍ ယုန်ကို လိုက်သည်။ တစ်သက်လုံး အပျင်းကြီးလာသည်ဖြစ်၍ ယခု ယုန်လိုက်ရသောအခါ အလွန်ပင်ပမ်းနေလေသည်။ သို့သော်လည်း နောက်ဆုံးတွင် ယုန်တစ်ကောင်ရ၍ ဘွားသူဇာလည်း အမြီးလှုပ်ဆေးကို စလူရွက်နှင့်ထုပ်ကာ ပေးလိုက်လေသည်။

ဖြူဒုတ်သည် ဆေးထုပ်ကို နှုတ်သီးဖြင့်ချီ၍လာရာ လမ်းခရီးတွင် အပျင်းရောဂါထလာ၍ ဟားခနဲ သမ်းမိလေသည်။ သမ်းမိသောအခါ ဆေးထုပ်သည် လွတ်ကျ၍ပြေသွားလေသည်။ ထိုခဏ၌ လေပွေ တိုက်လာ၍ ဆေးမှုန့်တို့သည် လွင့်ပါသွားကာ သစ်ပင်များပေါ်သို့ ရောက်ကြလေသည်။ ထို့ကြောင့် ထိုနေ့မှစ၍ သစ်ပင်များအပေါ်၌ သစ်ခက်ငယ်များနှင့် သစ်ရွက်များသည် လေထဲတွင် တလှုပ်လှုပ် လှုပ်လျက်ရှိကြလေတော့သည်။

ဆေးမှုန့်အနည်းငယ်သာ ဖြူဒုတ်၏နှုတ်ခမ်းမွေးပေါ်သို့ ရောက်သွား၍ နှုတ်ခမ်းမွေးတို့သည် တလှုပ်လှုပ် လှုပ်လျက် ရှိနေကြတော့သည်။ နှုတ်ခမ်းမွေးလှုပ်နေသော ဖြူဒုတ်ကို မြင်ကြသောအခါ ခွေးများက–

နှုတ်ခမ်းမွေးလှုပ်လှုပ်၊ ငဖြူဒုတ်
ငုတ်တုတ်ထိုင်လို့ မှိုင်

ဟု ပြောင်ကြ လှောင်ကြပြန်သည်။ ထို့ကြောင့် ဘွားသူဇာဆီသို့သွား၍ ပြောပြသောအခါ ဘွားသူဇာက နှုတ်ခမ်းမွေးများ အလှုပ်ရပ်အောင် ဆေးကုပေးလိုက်သည်။ ထို့နောက် အမြီးလှုပ်ဆေးကို စလူရွက်နှင့် ထုပ်ကာပြ၍ 'ကဲ–ငါစားဖို့ မှိုရှာပေးခဲ့၊ နောက်ပြီးတော့ သည်ဆေးကို ယူသွား'ဟု ပြောလေသည်။

ဖြူဒုတ်လည်း လယ်ကွင်းထဲတွင် တောင်ပြေး မြောက်ပြေးနှင့် မှိုရှာရာ အလွန်မောကာမှ မှိုတစ်ဟင်း ချက်ရ၍ ဘွားသူဇာအား ပေးကာ ဆေးထုပ်ကို နှုတ်သီးဖြင့် ချီယူပြန်လာခဲ့လေသည်။

ဖြူဒုတ်မှာ တစ်မနက်လုံးလုံး ကွင်းထဲတွင် ပြေးကာလွှားကာ မှိုရှာခဲ့ရသဖြင့် မောနေသောကြောင့် လမ်းတွင် အိပ်ငိုက်လာကာ ဟားခနဲ သမ်းမိပြန်လေသည်။ သမ်းသောအခါ ဆေးထုပ်သည် လွတ်ကျ၍ ပြေသွားလေသည်။ ထိုခဏ၌ လေပွေတိုက်လာ၍ အမှုန့်တို့သည် လွင့်ပါသွားကာ ကွင်းထဲတွင် အစာရှာနေသော ငှက်တစ်ကောင်၏ အမြီးပေါ်သို့ ကျလေသည်။ ထိုနေ့မှစ၍ ထိုငှက်၏အမြီးသည် တလှုပ်လှုပ် လှုပ်လျက် ရှိလေတော့သည်။ ထိုငှက်ကို ယခုအခါ မြေညှောင့်ကောင်ဟု ခေါ်ကြပါသည်။

ဆေးမှုန့်အနည်းငယ်သည် ဖြူဒုတ်၏နားရွက်များပေါ်သို့ကျကြ၍ နားရွက်တို့မှာ တလှုပ်လှုပ် လှုပ်

mgyoe.com


လျက်ရှိကြလေတော့သည်။ နားရွက်လှုပ်နေသော ဖြူဒုတ်ကို မြင်ကြသောအခါ ခွေးများက–

နားရွက်လှုပ်လှုပ်၊ ငဖြူဒုတ်

ငုတ်တုတ်ထိုင်လို့ မှိုင်

ဟု ဆိုကာ ပြောင်ကြ လှောင်ကြပြန်လေသည်။ ထို့ကြောင့် ဖြူဒုတ်သည် ဘွားသူဇာဆီသို့သွားပြန်သည်။

ဘွားသူဇာလည်း ဖြူဒုတ်၏နားရွက်များကို အလှုပ်ရပ်အောင် ဆေးကုပေးလိုက်သည်။ ထို့နောက် ဘွားသူဇာက 'ကဲ–ဖြူဒုတ်၊ သည်တစ်ခါတော့ အမြီးလှုပ်ဆေးကို နှစ်ခွက်စာပေးလိုက်ရမှာပဲ၊ ဒါမှ လမ်းကျ ဖိတ်ကုန်တောင် တစ်ဝက်တော့ ကျန်လိမ့်ဦးမယ်၊ ကဲ–ကဲ ငါစားဖို့ မျောက်ဥတူးပေးခဲ့ဦး' ဟု ခိုင်းလေသည်။ ဖြူဒုတ်လည်း ပျင်းသော်လည်း မပျင်းသာဘဲ မျောက်ဥများကို တူးပေးလေသည်။

ကဝေမကြီးသည် ဆေးထုတ်ကလေးကိုပေး၍ 'ကဲ–ဖြူဒုတ်၊ သည်တစ်ခါ ကောင်းကောင်းသတိထား သွား၊ အိမ်မရောက်မချင်း မသမ်းနဲ့နော် ဟုတ်လား' ဟု မှာလိုက်လေသည်။

သည်တစ်ခါဖြင့်လျှင် ဖြူဒုတ်သည် အထူးဂရုစိုက်၍ သွားလေရာ မသမ်းမဝေဘဲနှင့်အိမ်သို့ ပြန်ရောက် လေသည်။ ရောက်သောအခါ သူငယ်ချင်းကုပ်ကျားကိုခေါ်၍ အမြီးကိုဆေးထည့်ခိုင်းလေသည်။ သို့သော်လည်း သည်တစ်ခါပါလာသောဆေးမှာ နှစ်ခွက်စာဖြစ်သည်ကို သတိမထားမိပေ။ ကုပ်ကျားလည်း ဆေးမှုန့်များကို အမြီးတွင် အားရပါးရလောင်း၍ပွတ်ပေးလေရာ အမြီးမှာ တစ်ခါတည်းလှုပ်လာလေသည်။ သို့သော်လည်း ဆေးမှုန့်မှာ လိုသည်ထက် ပိုနေသောကြောင့် အမြီးမှာ အလွန်အကျွံလှုပ်နေလေသည်။ ရပ်ချင်၍လည်း မရပ်နိုင်ရှိလေသည်။ ထို့ကြောင့် ဖြူဒုတ်မှာ စိတ်ညစ်ရပြန်လေသည်။ အိပ်သောအခါ၌လည်း တလှုပ်တည်း လှုပ်နေသော အမြီးကို မည်သို့သဘောကျနိုင်ပါမည်နည်း။ ထို့ကြောင့် ဘွားသူဇာဆီသို့ ပြေးရပြန်သည်။

ဘွားသူဇာသည် ဖြူဒုတ်ကို မြင်သောအခါ ဤသို့ပြောလေသည်။ 'ဟဲ့–ဖြူဒုတ် ပထမဦးစွာ အမြီး ကို နန့်လို့ လှုပ်လို့မရတဲ့အကြောင်းက တခြားမဟုတ်ဘူး၊ မင်းအပျင်းကြီးလို့ပဲ။ မင်းဟာက တစ်နေ့လုံး အိပ်ချည်းနေတာပဲ၊ ဘာမှမလုပ်ဘူး၊ ပျင်းနေတာပဲ၊ ပျင်းတော့ ဖျင်းလာတာပေါ့။ ဖျင်းရာကနေပြီး အမြီးဟာ သေသွားရော။ သည်တော့ အခုမင်းငါ့အိမ်လာပြီး အလုပ်တွေကိုဝိုင်းကူလုပ်ပေးရမယ်။ တစ်လလောက် လုပ်ပေးရင် မင်းအမြီးပြန်ကောင်းသွားမှာပဲ၊ ဖျတ်ဖျတ်လတ်လတ် လုပ်ချင်ကိုင်ချင်တဲ့ ခွေးတွေဟာ သူတို့အမြီး အတွက် ဘယ်တော့မှ စိတ်မညစ်ရဘူး' ဟု ပြောလေသည်။

ထို့ကြောင့် ဖြူဒုတ်သည် ဘွားသူဇာ၏အိမ်သို့ သွားနေ၍ အလုပ်လုပ်ပေးလေသည်။ ရေခပ်ပေးသည်။ ထင်းခွဲပေးသည်။ တံမြက်စည်းလှည်းပေးသည်။ လှန်းထားသောစပါးများကို ငှက်တွေမလာအောင် စောင့်ပေး သည်။ ညအချိန်ဆိုလျှင် သူခိုးမလာအောင် ဟောင်ပေးသည်။ ဤကဲ့သို့ ဖျတ်ဖျတ်လတ်လတ် လိုလိုချင်ချင်နှင့် အလုပ်လုပ်နေစဉ် တစ်နေ့သ၌ သူ့အမြီးသည် နဂိုအတိုင်း ပြန်ကောင်းသွားလေတော့သည်။

'အခု ကျွန်တော့်အမြီးကို လှုပ်ချင်တဲ့အခါ လှုပ်လို့ရတယ်၊ ရပ်ချင်တဲ့အခါ ရပ်လို့ရတယ်၊ နဂိုအတိုင်း ပြန်ဖြစ်သွားပြီ' ဟု ဝမ်းသာအားရနှင့် ဖြူဒုတ်သည် ကဝေမကြီးအား ပြောပြလေသည်။

ထိုအခါ ကဝေမကြီးက 'အေး–ကောင်းတယ်၊ ကောင်းတယ်၊ တစ်လလည်း စေ့ပြီ၊ မင်းသွားပေတော့။ ဒါပေမဲ့ မှတ်ထားနော် ဖြူဒုတ်၊ မသေမချင်း ကောင်းကောင်းမှတ်ထား၊ မင်းအမြီးသေသွားမှာကြောက်ရင် ဘယ်တော့မှ မပျင်းနဲ့၊ အလုပ်ကိုကောင်းကောင်းမှန်မှန်လုပ်–ဟုတ်လား' ဟု ပြောရာ ဖြူဒုတ်က 'ကျွန်တော် သည်က မသွားချင်တော့ဘူး၊ သည်မှာ နေရတာ ပျော်တယ်၊ အလုပ်လုပ်ရတာ ပျော်တယ်၊ အဘွားနဲ့ပဲ

mgyoe.com



အတူနေပါရစေ’ ဟု တောင်းပန်လေသည်။

ကျွန်တော်သိသမျှ ပြောရမည်ဆိုလျှင် ဖြူဒုတ်သည် ယခုတိုင် ကဝေမကြီး ဘွားသူဇာအိမ်မှာ ရှိပါသေးသည်။ သူ့အမြီးလည်း ယနေ့တိုင် ကောင်းလျက်ပင်ရှိသည်ဟု ကြားရပါသည်။

မင်းသုဝဏ်

(နှလုံးလှ ပုံပြင်များမှ)

✣ ✣ ✣

mgyoe.com

mgyoe.com



# ငယ်သော်လည်း သတ္တိရှိသူ

တစ်ရံရောအခါ ယာသူမ အမယ်အိုကြီးတစ်ယောက်ရှိ၏။ အမယ်အိုသည် ယာခင်းမြေကွက်၌ ဂေရတ်ပင်များ ပျိုးထောင်နေလေ၏။ ဂေရတ်ပင်ကလေးများသည် မကြာခင်မှာပင် အရွယ်ရင့်လာကြကာ ယာခင်းတစ်ပြင်လုံး ထူထပ်လျက်ရှိ၏။ အမယ်အိုသည် သူပြုစုသော ယာခင်း၌ ဂေရတ်ပင်များ သန်စွမ်းလာသဖြင့် အလွန်ဝမ်းသာနေလေ၏။

တစ်နေ့သ၌ အမယ်အိုသည် သူ့ဂေရတ်ခင်းသို့ ထွက်လာစဉ် ဆိတ်သိုးကြီးတစ်ကောင် ဝင်၍စားနေသည်ကို မြင်ရလေ၏။ ထိုသို့ ဆိတ်သိုးကြီးသည် စားရုံမျှမကဘဲ ဂေရတ်ပင်များကို ခြေဖြင့်နင်း၍ခြေဖျက်လျက်ရှိသည်ကို သိရလေ၏။ အမယ်အိုလည်း မခံရပ်နိုင်ဘဲ ဆိတ်သိုးရှိရာသို့ သွား၍ 'ဟဲ့–ဆိတ်သိုး၊ ဟဲ့–ဆိတ်သိုး၊ နင် ငါ့ယာခင်းထဲကို လာမနှောင့်ယှက်နေနှင့်၊ ယခုထွက်သွား'ဟု တုတ်ကိုကိုင်၍ ခြောက်နှင်လေ၏။ ဆိတ်သိုးကြီးကမူ မထီလေးစားနှင့်ပင် 'အံမာ–ကျုပ်ကို ဘာကြောင့် လာနှင်နေရတုံး၊ ကျုပ်က နှယ်နှယ်ရရဆိတ်သိုး မဟုတ်ဘူးဆိုတာ မသိဘူးလား၊ ကျုပ်မှာ ရွှေရောင်ချိုနှင့် ဖန်မျက်လုံးကြီးရှိတယ်။ ခင်ဗျားကို ဝှေ့လိုက်ရင်

mgyoe.com


တစ်ခါတည်း သေသွားမယ်၊ သွား–ကျုပ်ဘာသာ စားသောက်နေတာကို လာမနှောင့်ယှက်ပါနှင့်’ဟု ကြောက်မက်ဖွယ်အသံဖြင့် ပြန်၍နှင်လေ၏။ အမယ်အိုလည်း ဆိတ်သိုးကြီးအသံကြားရသောအခါ ကြောက်လန့်စွာဖြင့် သူ့ယာခင်းထဲမှ ပြန်ထွက်လာခဲ့ရလေ၏။

အမယ်အိုလည်း သူ့ယာခင်းပျက်စီးတော့မည်ကို နှမြောလှစွာဖြင့် တစ်လမ်းလုံးငိုယို၍ ပြန်လာရာ ဝက်ဝံကြီးတစ်ကောင်နှင့် သွားတွေ့လေ၏။ ဝက်ဝံကြီးက ‘အမယ်အိုကြီး ဘာဖြစ်လို့ ငိုလာသလဲ’ဟု မေးရာ အမယ်အိုက ‘ငိုရတာပေါ့တော်၊ ကျုပ်စိုက်ထားတဲ့ ဧရတ်ခင်းကို ဆိတ်သိုးကြီးတစ်ကောင် ဝင်လာပြီးစားနေတာ နှင်လို့လည်း မရဘူး’ဟု ပြန်ပြောလေ၏။ ဝက်ဝံကြီးက ‘ဒါကြောင့်ဖြင့် မငိုပါနှင့်လေ၊ ကျုပ်လိုက်ပြီး နှင်ပေးပါ့မယ်၊ ယာခင်းကိုသာပြပါ’ ဟု ပြောသဖြင့် အမယ်အိုက သူ့ယာခင်းရှိရာသို့ ခေါ်လာခဲ့လေ၏။ ဝက်ဝံနှင့် အမယ်အိုတို့ လာနေသည်ကို ဆိတ်သိုးက မြင်ရသော်လည်း စားမြဲတိုင်းပင် စားနေလေ၏။ ဝက်ဝံက ယာခင်းအပြင်မှ နေ၍ ‘ဟေ့–ဆိတ်သိုး၊ ဘာဖြစ်လို့ ယာခင်းကိုဖျက်ဆီးနေတာလဲ၊ ဖယ်ပေးပါ’ဟု အော်ပြောလိုက်လေ၏။ ဆိတ်သိုးကလည်း အစားမပျက်ဘဲ ‘ဟေ့–ငါ့ကို ဘယ်သူလာပြီး နှောင့်ယှက်ပြန်ပြီလဲ၊ ဘာဖြစ်လို့ ငါထွက်သွားရမှာလဲ၊ သတ္တိရှိရင် ရှေ့တိုးလာခဲ့စမ်း၊ ငါ့ကို နှယ်နှယ်ရရ မအောက်မေ့နှင့်၊ ငါ့မှာ ရွှေရောင်ချိုနှင့် ဖန်မျက်လုံး ရှိတယ်၊ ငါဝှေ့လိုက်ရင် တစ်ခါတည်းသေသွားမယ်၊ ကဲ … လာခဲ့စမ်း’ဟု ခပ်တည်တည်ပင် ပြန်ပြောလေ၏။ ဝက်ဝံလည်း ဆိတ်သိုးက ပြောလိုက်သည်နှင့်ပင် ကြောက်ဒူးတုန်လျက် တစ်ခါတည်း ပြန်ပြေးလေတော့သည်။

အမယ်အိုလည်း သူ့ယာခင်းမှ ငိုယိုလျက် ပြန်လာရာ လမ်းတွင် ဝံပုလွေတစ်ကောင်နှင့်တွေ့ရလေ၏။ ဝံပုလွေက‘အမယ်အိုကြီး ဘာဖြစ်လို့ ငိုလာရသလဲ’ဟု မေးရာ အမယ်အိုက ‘ငိုရတာပေါ့တော်၊ ကျုပ်ယာခင်းကို ဆိတ်သိုးကြီးတစ်ကောင် ဝင်စားနေတာကို ဝက်ဝံကြီးက လိုက်နှင်ပေးတာတောင်မရဘူး၊ ကျုပ်ယာခင်းတော့ ပျက်စီးကုန်ပါပြီ’ဟု ပြန်ပြောလေ၏။ ဝံပုလွေကလည်း ‘အို … ဒါကြောင့်ဖြင့် ငိုမနေပါနဲ့၊ ကျုပ်လိုက်ပြီး နှင်ပေးပါ့မယ်၊ ယာခင်းကိုသာ လိုက်ပြပါ’ဟု ပြန်ပြောသဖြင့် အမယ်အိုက ဝံပုလွေအားခေါ်သွားလေ၏။ ဝံပုလွေနှင့် အမယ်အိုတို့ လာနေသည်ကို မြင်ရသော်လည်း ဆိတ်သိုးကြီးက အစားမပျက်ဘဲ စားမြဲ စားနေလေ၏။ ဝံပုလွေလည်း ယာခင်းအပြင်မှနေ၍ ‘ဟေ့–သူများယာခင်းမှာ ဘာကြောင့်ဝင်ပြီး အတင်းစားနေရတာလဲ၊ အခုထွက်သွားပါ’ဟု မောင်းနှင်လေ၏။ ဆိတ်သိုးကြီးကလည်း အစားမပျက်ပင် ‘အံမာ–ငါစားချင်လို့ စားတာပေါ့၊ မင်းသတ္တိရှိရင် ရှေ့ကိုတိုးလာစမ်း၊ ငါ့မှာ ရွှေရောင်ချိုနှင့် ဖန်မျက်လုံးရှိတယ်၊ ငါ့အနားကို ရောက်ရင် ငါ့ရွှေရောင်ချိုနဲ့ ဝှေ့လိုက်မယ်၊ မင်း တစ်ခါတည်းအသေပဲ’ဟု ခပ်တည်တည်ပင် ပြန်ကြိမ်းလေ၏။ ဝံပုလွေလည်း ကြောက်ဒူးတုန်လျက် အပြင်ဘက်မှ ထွက်ပြေးသွားလေ၏။

အမယ်အိုလည်း သူ့ယာခင်းပျက်စီးတော့မည်ကို စိုးရိမ်စွာဖြင့် ငိုယိုလျက် ပြန်လာရာလမ်း၌ မြေခွေး တစ်ကောင်နှင့် တွေ့ရလေ၏။ မြေခွေးက ‘အမယ်အိုကြီး–ဘာဖြစ်လို့ငိုလာသလဲ’ဟု မေးရာ အမယ်အိုက ‘ငိုရတာပေါ့တော်၊ ကျုပ်ယာခင်းထဲက ဧရတ်ပင်တွေကို ဆိတ်သိုးကြီးတစ်ကောင်ဝင်ပြီး ဖျက်ဆီးနေတာကို ဝက်ဝံကြီးကလဲ နှင်မပေးနိုင်ဘူး၊ ဝံပုလွေကလည်း နှင်မပေးနိုင်ဘူး၊ ဒါကြောင့် စိတ်ညစ်လို့ငိုလာတာပါ’ဟု ပြောသဖြင့် မြေခွေးကလည်း ‘အို–ဒါကြောင့်ဖြင့် ငိုမနေပါနဲ့၊ တိတ်ပါလေ၊ ကျုပ်လိုက်ပြီးနှင်ပေးပါ့မယ်၊ လမ်းသာပြပါ’ဟု ပြောသဖြင့် အမယ်အိုက ယာခင်းသို့ ခေါ်လာလေ၏။ မြေခွေးနှင့် အမယ်အိုလာနေသည်ကို ဆိတ်သိုးက မြင်သော်လည်း အစားမပျက်ပင် ဆက်လက်၍စားနေလေ၏။ မြေခွေးကလည်း ယာခင်းနားသို့

mgyoe.com

ရောက်သည်နှင့် လှမ်း၍ 'ဟော့–ယာခင်းထဲမှာ ငရုတ်ပင်တွေကို စားနေတာ ဘယ်သူလဲ၊ အမယ်အိုကြီး စိုက်ထားတာတွေကို ဘာဖြစ်လို့ လာပြီးနှောင့်ယှက်နေရတာလဲ၊ အခုထွက်သွားပါ'ဟု ပြောလိုက်လေ၏။ ဆိတ်သိုးကလည်း အစားမပျက် စားနေလျက် 'အံမာ–လာပြန်ပလား၊ ခုနကလာတဲ့ ဝက်ဝံနဲ့ ဝံပုလွေတို့လို မင်းလည်း အသက်သေသွားချင်သလား၊ ငါ့မှာ ရွှေရောင်ချိုနဲ့ ဖန်မျက်လုံးရှိတယ်ဆိုတာ မင်းမသိဘူးလား၊ ဝက်ဝံနှင့် ဝံပုလွေတို့တော့ ငါ့သတ်မှာကိုကြောက်လို့ ထွက်ပြေးသွားကြပြီ၊ မင်းလည်း သတ္တိရှိရင် ရှေ့ကိုတိုးလာခဲ့စမ်း' ဟု ခပ်တည်တည်ပင်ကြိမ်းလေ၏။ မြေခွေးလည်း ဆိတ်သိုးကြီး၏ ရွှေရောင်ချိုနှင့်ဖန်မျက်လုံးကို မြင်၍ ကြောက်ဒူးတုန်ကာ ချက်ချင်းထွက်ပြေးသွားလေတော့၏။

အမယ်အိုလည်း ဆိတ်သိုးရန်ကို မခံနိုင်တော့သဖြင့် ကြောက်ကြောက်နှင့်ပင် ငိုယိုလျက်ပြန်လာရာ လမ်းတွင် အစာရှာထွက်လာသော ယုန်ကလေးတစ်ကောင်နှင့်တွေ့ရလေ၏။ ယုန်ကလေးက 'အမယ်အိုကြီး– ဘာဖြစ်လို့ ငိုလာရသလဲ'ဟု မေးရာ အမယ်အိုက 'ငိုရတာပေါ့တော်၊ ကျုပ်ယာခင်းကို ဆိတ်သိုးကြီးတစ်ကောင် လာပြီး ဖျက်ဆီးနေတာကို ဝက်ဝံလည်း နှင်မပေးနိုင်ဘူး၊ ဝံပုလွေလည်း နှင်မပေးနိုင်ဘူး၊ မြေခွေးလည်း နှင်မပေးနိုင်ဘူး၊ ဒါကြောင့် စိတ်ညစ်ပြီး ငိုလာတာပါ'ဟု ပြန်ပြောလေ၏။ ယုန်ကလေးကလည်း 'အို– ဒါကြောင့်ဖြင့် ငိုမနေပါနဲ့လေ၊ ကျွန်တော်နှင်ပေးပါ့မယ်၊ ယာခင်းကိုသာလိုက်ပြပါ'ဟုပြောသဖြင့် အမယ်အိုက ရှေ့မှနေ၍ ယာခင်းဆီသို့ သွားလေ၏။ ယုန်ကလေးကလည်း ဆိတ်သိုးကိုမြင်သောအခါ 'ဟော့–ဆိတ်သိုးကြီး၊ ဘာဖြစ်လို့ သူများစိုက်ထားတဲ့ ယာခင်းကိုလာပြီး ဖျက်ဆီးပစ်နေရတာလဲ၊ အခုထွက်သွားပေးပါ'ဟု ပြောလေ၏။ ဆိတ်သိုးကြီးကလည်း ယခင်ကဲ့သို့ပင် 'အံမာ–လာပြန်ပလား၊ ငါ့ကို ဘာကောင်အောက်မေ့လို့လဲ၊ ငါ့မှာ ရွှေရောင်ချို နှင့် ဖန်မျက်လုံးရှိတယ်ဆိုတာ နင်မသိဘူးလား၊ သွား–နင့်အသက် မသေချင်ရင် နောက်ထပ် မပြောနဲ့၊ အခု ထွက်သွား'ဟု ပြန်၍ ကြိမ်းလေ၏။ ယုန်ကလေးလည်း ဆိတ်သိုးကြီး၏ ရွှေရောင်ချိုနှင့် ဖန်မျက်လုံးတို့ကိုကြည့်ကာ ကြောက်ဒူးတုန်ကာ ထွက်ပြေးသွားလေတော့သည်။

အမယ်အိုလည်း စိတ်ပျက်စွာဖြင့်ငိုယိုကာ ပြန်လာရာလမ်းတွင် ပျံလာသော ပျားငယ်တစ်ကောင်နှင့် တွေ့ရလေ၏။ ပျားငယ်က 'အမယ်အိုကြီး–ဘာဖြစ်လို့ ငိုရသလဲ'ဟု မေးလေ၏။ အမယ်အိုက 'ငိုရတာပေါ့တော်၊ ကျုပ်ယာခင်းကို ဆိတ်သိုးကြီးတစ်ကောင် ဝင်ပြီး ဖျက်ဆီးပစ်နေတာကို ဝက်ဝံကလည်း နှင်မပေးနိုင်ဘူး၊ ဝံပုလွေကလည်း နှင်မပေးနိုင်ဘူး၊ မြေခွေးကလည်း နှင်မပေးနိုင်ဘူး၊ ယုန်ကလေးကလည်း နှင်မပေးနိုင်ဘူး၊ ကျုပ်ယာခင်းတော့ ပျက်စီးတော့မှာပဲ၊ ဆိတ်သိုးကြီးကို နှင်နိုင်မည့်သူမရှိတော့ဘူးထင်ပါရဲ့'ဟုပြောရင်း ငိုပြန်လေ၏။ ပျားငယ်ကလေးလည်း အမယ်အိုကြီးကို သနားလာကာ 'အို–ငိုမနေပါနဲ့ အမယ်အိုကြီးရယ်၊ ယာခင်းကိုသာပြပါ၊ ကျွန်တော် ဒီဆိတ်သိုးကြီးကို နှင်ပစ်ပေးပါ့မယ်'ဟု ပြောရာ အမယ်အိုကြီးက 'မဖြစ်နိုင်တာကွယ်၊ မင်းထက်ကြီးတဲ့ သူတွေတောင်မှ မနှင်နိုင်လို့ ထွက်ပြေးကုန်ကြပေါ့ဟာ၊ မင်းလိုငယ်ငယ်ကလေးက ဘယ်နည်းနှင့်မှ ဆိတ်သိုးကြီးကို မနှင်နိုင်ပါဘူး'ဟု ပြန်ပြောရာ ပျားငယ်က မခံနိုင်ဘဲ 'အို–သူတို့မနှင်နိုင်ပေမယ့် ကျွန်တော်နှင်နိုင်ပါတယ်၊ အမယ်အိုကြီးရဲ့ယာခင်းကိုသာ လိုက်ပြပါ'ဟု ပြောသဖြင့် အမယ်အိုက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ယာခင်းဆီသို့ ခေါ်လာခဲ့ရလေ၏။

ပျားငယ်နှင့်အမယ်အိုတို့ လာနေသည်ကို မြင်ရသော်လည်း ဆိတ်သိုးကြီးသည် အစားမပျက်ဘဲ အသာစောင့်နေလျက်ရှိလေ၏။ ပျားငယ်ကလည်း ယာခင်းအနီးသို့ သွား၍ 'ဟော့–ဆိတ်ယုတ်မာကြီး၊ မင်း ဘာကြောင့် သူများယာခင်းကိုလာပြီး ဖျက်ဆီးနေရတာလဲ၊ အခုထွက်သွားပါ'ဟု အော်ပြောလေ၏။ ဆိတ်သိုး

mgyoe.com

mgyoe.com



ကြီးကလည်း ယခင်ကကဲ့သို့ပင် 'အံမာ–မင်းဘာဆိုင်လို့ လာပြောရတာလဲ၊ ငါ့ကိုနယ်နယ်ရရများမှတ်နေသလား၊ ငါဟာ–ရွှေရောင်ချိုနဲ့ ဖန်မျက်လုံးကိုပိုင်တဲ့ ဆိတ်သိုးဆိုတာ မင်းမသိဘူးလား၊ ငါ့ကိုကြောက်ကြလို့ ဝက်ဝံရော၊ ဝံပုလွေရော၊ မြေခွေးရော၊ ယုန်ကလေးရော ထွက်ပြေးသွားကြရတာ မင်းမသိဘူးထင်တယ်၊ငါ့ရွှေရောင်ချိုက တစ်ခါဖော့လိုက်ရင် အသက်ပျောက်သွားတာပဲ၊ လာ–ရှေ့ကို တိုးခဲ့စမ်း'ဟု ကြိမ်းလေ၏။ ပျားငယ်ကလည်း မကြောက်မရွံ့ပင် ယာခင်းထဲသို့ဝင်ကာ ဆိတ်သိုးကြီး၏ နဖူးကို မနားမနေတုပ်လေ၏။ ဆိတ်သိုးကြီးလည်း ပျားဆိပ်သင့်၍ မခံမရပ်နိုင်အောင် နာကျင်သဖြင့် ထွက်ပြေးသွားရလေတော့သည်။

အမယ်အိုလည်း အရှုယ်နှင့်မလိုက်အောင် သတ္တိကောင်းသော ပျားငယ်ကလေးအား ကျေးဇူးတင်ကြောင်း ပြောလေ၏။ ထိုနေ့မှစ၍ အမယ်အိုသည် သူ့ယာခင်းကို စိတ်အေးချမ်းသာစွာ စိုက်ပျိုးနိုင်လေတော့၏။

နယဉ်
(ပစ်တိုင်းထောင်ပုံပြင်များမှ)

✣ ✣ ✣

mgyoe.com

mgyoe.com



## သီချင်းသည် ချိုးကလေး

တစ်ခါတုန်းက လျှောင်ချိုင့်ကလေးတစ်ခုထဲမှာ ချိုးကလေးတစ်ကောင်ရှိသတဲ့။ ချိုးကလေးက ချစ်စရာကလေးတဲ့။ ကျောကုန်းက ညိုညို၊ ရင်ပုံက ဖွေးဖွေး၊ လည်ပင်းကပြောက်ပြောက်နဲ့ဆိုတော့ ချစ်စရာကလေးပေါ့။ တကူးကူးနဲ့ ကူလိုက်ပြန်တော့လည်း သနားစရာကလေးတဲ့။

သူ ဘာအကြောင်းတွေ ကူသလဲ၊ နေရောင်ခြည်အကြောင်းကူသတဲ့၊ ကောင်းကင်ပြာအကြောင်းကူသတဲ့။ ထနောင်းပင်အကြောင်းကူသတဲ့။ ပန်းတော်ဖြူအကြောင်းကူသတဲ့။ ဖိုးတောင်သူတဲကလေးအကြောင်းလည်း ကူသတဲ့။

သူနေရတဲ့ လျှောင်ချိုင့်ကလေးက အင်မတန်ကျဉ်းမြောင်းရတဲ့အထဲမှာ နားစရာဝါးတန်းကလေးက ရှိနေလေတော့ သူ့ခမျာ တန်းပေါ်က တန်းအောက်ကို ဆင်းဖို့တောင် နေရာမရှိရှာဘူးတဲ့။ အတောင်ခတ်ဖို့တော့ ဝေးရောပေါ့။

နောက်ပြီး သည်လျှောင်ချိုင့်ထဲကို ဘယ်လိုများ ကံဆိုးလို့ ရောက်နေရပါလိမ့်မလဲဆိုပြီး စိတ်မကောင်း

mgyoe.com


ရှာဘူးတဲ့၊ သူဟာလေ–တစ်မနက်ခင်း လယ်ကွင်းထဲမှာ အစာရှာနေတုန်းအဖမ်းခံရပြီး အခုလိုငှက်မုဆိုးဆိုင်ကို ရောက်လာရသတဲ့၊ ဆိုင်ထဲမှာ ငှက်တွေအများကြီးပဲရှိသတဲ့၊ အများအားဖြင့် စာကလေးတွေပေါ့၊ ဒါကြောင့် ချိုးလှောင်ဖို့ လှောင်ချိုင့်ကြီးကြီးထားစရာနေရာမရှိဘူးတဲ့။ ဒါကြောင့် သူ့ခမျာ လှောင်ချိုင့်ငယ်ငယ်ကလေးထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေရတာပေါ့။

ချိုးကလေးဟာ တစ်နေ့လုံး ကူနေတာပဲတဲ့။ တခြားလုပ်စရာမရှိဘဲကိုး၊ သူ့ခမျာ ပျံလည်း မပျံနိုင်၊ ဟိုခုန် သည်ခုန်နဲ့ ခုန်ပြီး အစာလည်းမရှာနိုင်၊ သောက်နေကြ ရေအိုင်ကလေးထဲက ရေကြည်ရေအေးကလေးကိုလည်း သွားပြီး မသောက်နိုင်၊ ရေသောက်ချင်ရင် သံဖြူခွက်ကလေးတစ်ခုထဲက ရေကိုသောက်ရတယ်၊ အစာ စားချင်ရင် သံဖြူခွက်လေးတစ်ခုထဲက အစာကိုစားတယ်၊ ပျင်းစရာကြီးပေါ့။

ချိုးကလေးဟာ နေရောင်ခြည်ကိုမြင်ရတယ်။ ကောင်းကင်ပြာကို မြင်ရတယ်။ ဒါပေမဲ့ သစ်ပင်ဆိုရင် တစ်ပင်မှမမြင်ရဘူးတဲ့။ ငှက်မုဆိုးဆိုင်က ရွာလယ်ကောင်ဈေးဝိုင်းမှာ ဖြစ်နေတာကိုး။ သည်တော့ သူနားနေကျ ထနောင်းပင်လေးကို သတိရပြီး ထနောင်းပင်ကလေးအကြောင်းကို ကူသတဲ့။ သူအစာကောက်နေကျ ပန်းတော်ဖြူမြက်ခင်းကလေးကို လွမ်းလို့ ပန်းတော်ဖြူမြက်ခင်းကလေးအကြောင်းကို ကူသတဲ့။ နောက်ပြီးတော့ သစ်ခက်ခြောက်ကလေးတွေနဲ့ သူဆောက်ခဲ့တဲ့ အသိုက်လေးအကြောင်းကိုလည်း ကူသတဲ့။ သူ့မယားချိုးမကလေးအကြောင်းကိုလည်း ကူသတဲ့။ အထူးသဖြင့်တော့ ချိုးမကလေး မကြာခင်က ဥထားတဲ့ ချိုးဥကလေး ၂ လုံး အကြောင်းကို ကူရှာသတဲ့။

ချိုးကလေးဟာ သူ့လယ်ကွင်းကို သူပြန်ချင်နေတာပေါ့။ နေထွက်လို့ မိုးလင်းတိုင်း သူပြန်ရလိမ့်မယ်လို့ ထင်မိသတဲ့။ ဒါပေမဲ့ လှောင်ချိုင့်ကလေးထဲမှာ သူ့ခမျာအတောင်တောင် မခတ်နိုင်ရှာဘူးတဲ့။ သည်တော့ သူ့နှလုံးကလေးဟာ ကွဲခါနီးနေပြီပေါ့။ သို့သော်လည်း အကူတော့မပျက်ဘူးတဲ့။

တဂွတ်ကူး–ကူး–ကူး

တဂွတ်ကူး–ကူး–ကူး

တဂွတ်ကူး–ကူး–ကူး

သူ့အသံကို လူတွေက အများအားဖြင့် သဘောကျကြသတဲ့။ ထန်းလျက်သည်ကြီး ဒေါ်ပုမကဆိုရင် မနက်တိုင်း ဈေးကအပြန်မှာ ငှက်မုဆိုးဆိုင်နားရပ်ပြီး သူ့ကူသံကို နားထောင်သတဲ့။ ခေါင်းရင်းအိမ်က အဘိုးကတော့ နားညည်းတယ်ဆိုပြီး ကျိန်ဆဲသတဲ့။ ရွာဆော်မကြီးဒေါ်တုတ်ကတော့ ချိုးကလေးကို သည်လောက်ကျဉ်းတဲ့ လှောင်ချိုင့်နဲ့ထားရမလားလို့ အပြစ်ဆိုသတဲ့။

ကျောင်းသားကလေးတွေဟာလည်း ကျောင်းလွှတ်ချိန်မှာဆိုရင် လှောင်ချိုင့်ကလေးနားမှာဝိုင်းပြီး နားထောင်ကြသတဲ့။ ချိုးကလေးကတော့ သူတို့ကို ဂရုမစိုက်နိုင်ဘူး။ ရင်ကလေးကွဲသွားမတတ် တကူတည်း ကူတာပဲတဲ့။ သူ့ကူသံကလေးဟာ အသာယာဆုံးကူသံကလေးပဲ။

အဲဒါနဲ့ တစ်နေ့တော့ကာ မောင်နှမနှစ်ယောက် ငှက်မုဆိုးအိမ်ရှေ့ကို ရောက်လာသတဲ့။ သူတို့မောင်နှမဟာ သန့်သန့်ပြန့်ပြန့်ပဲတဲ့။ ဒါပေမဲ့ အဝတ်အစားကတော့ ခပ်နွမ်းနွမ်းပဲတဲ့။ ယောကျ်ားကလေးရဲ့ သင်တိုင်းကတော့ဖြင့်ရင် လက်ကလေးတောင်စုတ်နေရှာသတဲ့။ သူတို့နှစ်ယောက်က ချိုးကူသံကို ရပ်ပြီး နားထောင်ရင်း မောင်ကလေးကပြောသတဲ့။ 'မမရယ် ချိုးကလေးကူနေလိုက်တာ ချစ်စရာမကောင်းဘူးလားလို့' ပြောသတဲ့။ 'လှောင်ချိုင့်ကလေးကလည်း ကျဉ်းလိုက်တာ အတောင်တောင် ဆန့်လို့ရမှာမဟုတ်ဘူး။ ဒါနဲ့

mgyoe.com

တောင် ကူရသေးတယ်နော်' လို့ ဆက်ပြောသတဲ့။

'သြော် ... လူလိုဘာမှမလုပ်နိုင်တော့ ကူလို့ပဲနေရတာပဲထင်ပါရဲ့မောင်လေးရယ်'လို့ သူ့အစ်မက ပြောသတဲ့။

ချိုးကလေးကလည်း ကူတာပေါ့လေ။ နေရောင်ခြည်အကြောင်း ကူလိုက်။ ကောင်းကင်ပြာအကြောင်း ကူလိုက်။ ထနောင်းပင်အကြောင်းကူလိုက်။ ပန်းတော်ဖြူအကြောင်းကူလိုက်။ သူချစ်တဲ့ချိုးမကလေးအကြောင်း ကူလိုက်။ အသိုက်ထဲက ဥကလေး ၂ လုံးအကြောင်းကူလိုက်နဲ့ ကူနေလိုက်တာ ရင်ကွဲနာကျတော့မလောက် ပတဲ့။

သည်တော့ မောင်နှမ နှစ်ယောက်လည်း ဝမ်းနည်းပက်လက်ဖြစ်ကြတာပေါ့။ ချိုးကလေးကူသံရဲ့ အဓိပ္ပာယ်ကို သူတို့နားလည်ကြတာကိုး။ သူတို့မောင်နှမလည်း မကြာခဏစိတ်ဆင်းရဲဖူးတော့ ချိုးကလေးစိတ်ဆင်းရဲတာကို သူတို့ နားလည်ကြတာပေါ့။ ချိုးကလေးဟာ လိုချင်တာမရလို့ ကူနေတယ်ဆိုတာကို သူတို့သိကြသတဲ့။ အဲဒါနဲ့ မောင်နှမ နှစ်ယောက်သား မျက်ရည်ကလေးတလည်လည်နဲ့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသတဲ့။ ချိုးကလေးကတော့ ဆက်ပြီး ကူမြဲကူနေတာပေါ့။

သည်အခါမှာ မောင်ကလေးက ဆိုင်ထဲကိုကြည့်ပြီး 'သည်ချိုးကလေးကို ဘယ်လောက်နဲ့ရောင်းမှာလဲ ခင်ဗျာ' လို့ မေးလိုက်သတဲ့။ သည်တော့ ပိုင်ရှင်က 'နှစ်ကျပ်ခွဲနဲ့ရောင်းမယ်'လို့ ပြောလိုက်သတဲ့။

'များလိုက်တာခင်ဗျာ၊ ဒါပေမဲ့ မမရေ ... တစ်နည်းနည်းနဲ့တော့ သည်ငွေကိုရအောင်ရှာပြီး ချိုးကလေး ကို ဝယ်ရအောင်နော်၊ ကဲ ... ကဲ အိမ်ပြန်ပြီး ငွေရဖို့ ကြံကြစို့' လို့ မောင်ကလေးက အစ်မကို ပြောသတဲ့။

အဲသည်လိုနဲ့ နှစ်ရက်ကြာသွားရောတဲ့။ ချိုးကလေးကလည်း ရေးကလောက်မကူတော့ဘူး။ အစာလည်း မစားတော့ဘူး။ ခေါင်းကလေးစိုက်ပြီး မှိုင်လို့သာ နေတော့သတဲ့။ သည်လှောင်ချိုင့်ကလွတ်ပြီး သူ့ဌာနေ လယ်ကွင်းထဲကို ပြန်နိုင်တော့မယ်လို့လည်း မထင်တော့ဘူးတဲ့။

သုံးရက်နေ့ မနက်ကျတော့ မောင်နှမ နှစ်ယောက်ဟာ မျက်နှာထားရွှင်ရွှင်ပြုံးပြုံးနဲ့ ငှက်မုဆိုးဆိုင်ရှေ့ ကို ရောက်လာကြတယ်ဆိုပဲ။ မောင်ကလေးရဲ့အင်္ကျီအိတ်ထဲမှာ ငွေနှစ်ကျပ်ခွဲနဲ့တဲ့။ ဘယ်လိုများရလာပါလိမ့်။

သူတို့မောင်နှမ နှစ်ယောက်ဟာ ချိုးကလေးဆီက ပြန်သွားကတည်းက အိမ်မှာမနေဘူးတဲ့။ ရွာထဲ လျှောက်ပြီး ထင်းပေါက်တဲ့အခါပေါက်။ ရေခပ်တဲ့အခါခပ်။ ကူလီထမ်းတဲ့အခါထမ်းလို့ ပိုက်ဆံရှာလိုက်တာ အခု ငွေနှစ်ကျပ်ခွဲရလာပြီပေါ့။

ဒါကြောင့် ဟော–မောင်လေးကတော့ ချိုးကလေးကို လှောင်ချိုင့်ကလေးနဲ့အတူ ငွေနှစ်ကျပ်ခွဲပေးပြီး ဝယ်လိုက်တာပေါ့။ ပြီးတော့ သူတို့မောင်နှမ ဈေးပိုင်းကနေပြီး ရွာလယ်လမ်းအတိုင်း လျှောက်သွားလိုက်ကြတာ ခဏလည်း ကြာရော ရွာထိပ်ကိုရောက်သတဲ့။ ဒါပေမဲ့ သူတို့မရပ်ဘူးတဲ့။ ဆက်ပြီး ငါးမိုင်လောက် သွားတော့မှ ထနောင်းပင်ကလေးတွေပေါက်နေတဲ့ ပန်းတော်ဖြူမြက်ခင်းကလေးကို ရောက်ကြသတဲ့။

မြက်ခင်းကလေးဟာ နံနက်နေရောင်ခြည်ထဲမှာ တယ်ပြီးသာယာတယ်ဆိုကိုး။

ဘုတ်ကလေးတွေကလည်း ချုံတွေထဲမှာအော်လို့တဲ့။ အဲဒီအခါမှာ ကြောက်ကြောက်လန့်လန့်နဲ့ လှောင်ချိုင့်ထဲကအတန်းမှာ ကုပ်ပြီးနေခဲ့တဲ့ ချိုးကလေးဟာ ကူတော့တာပဲတဲ့။ သည်မြက်ခင်းကို သူသိတာကိုး။ ကူတာပေါ့။ သည်ဌာနမှာပဲ သူ ဥကပေါက်ခဲ့တယ်။ သည်ဌာနမှာပဲ သူ အပျံသင်ခဲ့တယ်။ သည်ဌာနမှာပဲ သူ့ဇနီးနှင့် ဥကလေးတွေ ရှိတယ်။ သည်ဌာနကို သူအင်မတန်ချစ်တာပေါ့။

mgyoe.com

mgyoe.com



'ကဲ–မောင်လေးရေ–လွှတ်ကြစို့ရဲ့'လို့ အစ်မလုပ်သူက ပြောတော့ မောင်ကလေးဟာလေ မြေကြီးပေါ် ဒူးထောက်ပြီး လှောင်ချိုင့်ကလေးကို မြက်ခင်းပေါ်မှာချသတဲ့။ နောက်ပြီး တံခါးလေးကို ဖွင့်သတဲ့။ ပြီးတော့ သူတို့မောင်နှမ နောက်ဆုတ်ပြီး ရပ်ကြည့်နေသတဲ့။

ချိုးကလေးလည်း တံခါးကလေးပွင့်နေတာ မြင်ပေမယ့် ပထမတော့ ဘာလုပ်ရမှန်းမသိလို့ ငေးနေသတဲ့။ နောက် အပေါက်က ခေါင်းကလေးထုတ်ကြည့်ပြီး ဖြုတ်ဆို ခုန်ထွက်လိုက်သတဲ့။ ဒါပေမဲ့ အတောင်မခတ်ရတာ ကြာတော့ ပျံရမှာတောင် မတတ်ဖြစ်နေရှာသတဲ့။

နောက် ဟိုခုန်သည်ခုန်လုပ်ပြီး ခဏကြာတော့ လှောင်ချိုင့်ထဲမှာ မဟုတ်တော့မှန်းသိပြီး မြက်ခင်းကို ငုံ့ကြည့်လိုက် ကောင်းကင်ပြာကို မော့်ကြည့်လိုက် လုပ်နေရာက ထနောင်းပင်ကလေးပေါ်ကို ပျံတက်သွားရှာသတဲ့။ အို–အဲသည်အခါမှာ တဝွတ်ကူး–ကူး၊ တံဝွတ်ကူးကူးနဲ့ကူလိုက်တာ တစ်ကွင်းလုံးကို ဆူညံသွားတော့ မတတ်ပဲတဲ့၊ ပျော်တာကိုး၊ ကူတော့မှာပေါ့၊ သူ အခု လွှတ်လပ်သွားပြီ။

မောင်နှမနှစ်ယောက်လည်း စောင့်ကြည့်နေကြရင်း မောင်လေးကပြောသတဲ့၊ 'မမရယ်...ချိုးကလေးက သူ့ချိုးမကလေးနဲ့တွေ့ရတော့မှာပေါ့၊ ဥကလေးနှစ်လုံးကိုလည်း မြင်ရတော့မှာပေါ့'လို့ ပြောသတဲ့။ သည်တော့ အစ်မက'အေးပေါ့မောင်လေးရယ်၊ သူတို့ပြန်တွေ့ပြီး သိပ်ပျော်ကြမှာပေါ့'လို့ ပြန်ပြောသတဲ့။ နောက် ချိုးကလေး ကူလို့ကောင်းတုန်း မောင်ကလေးလည်း လှောင်ချိုင့်ကို မြေကြီးပေါ်မှာရိုက်ချိုးပြီး နေမရင့်ခင် မောင်နှမနှစ်ယောက် ပျော်ပျော်ပြုံးပြုံးနဲ့ ရွာကို ပြန်လာကြသတဲ့။ ချိုးကလေးအကြောင်း ဟောဒီသီချင်းကလေးကို မှတ်ကြကွဲ့။

လွှတ်လပ်လို့ကူ
ပူလို့ဖြင့် ဟုတ်ဖူး၊
ရွှေချိုးဖို တောင်ပံခတ်တယ်
မြိုင်ရိပ်မှာမြူး၊
ဝွတ်ကူး–ဝွတ်ကူး။

မင်းသုဝဏ်
(နှလုံးလှပုံပြင်များမှ)

✤ ✤ ✤

mgyoe.com

mgyoe.com



## တံငါသည် လင်မယား

တစ်ခါသော် အလွန်ဆင်းရဲသော တံငါသည် လင်မယားနှစ်ယောက်ရှိလေသည်။ သူတို့တွင် အိမ်ဟူ၍ မရှိ။ ထို့ကြောင့် သူတို့သည် ပင်လယ်အနီးရှိ ကျင်းကြီးတစ်ခုတွင် နေထိုင်ကြရလေသည်။ နေ့စဉ်ပင် ယောကျ်ား ဖြစ်သူသည် ပင်လယ်သို့ တစ်နေကုန်တစ်နေခန်း ငါးမျှားထွက်ရ၏။ တစ်နေ့သ၌ သူ၏ငါးမျှားချိတ်တွင် အလွန်ကြီးမားသော ငါးကြီးတစ်ကောင်မိ၍ပါလာလေသည်။ ထိုအခါ ငါးကြီးက တံငါသည်အား သူ၏ အသက်ကို ချမ်းသာပေးရန် တောင်းပန်၏။ ထို့နောက် ငါးကြီးက 'ကျွန်ုပ်သည် ငါးအစစ်မဟုတ်ပါ၊ ပြုစား ခြင်းခံရသော မင်းသားတစ်ပါးသာ ဖြစ်ပါသည်။ ကျွန်ုပ်အား ရေထဲသို့ ပြန်သွားခွင့်ပြုပါ' ဟု ပြောဆို၏။ ထိုအခါ တံငါသည်က 'ကျွန်ုပ်သည်လည်း လူစကားပြောတတ်သောငါးကို အလိုမရှိပါ'ဟု ပြောကာ ငါးကြီး ကို ချက်ချင်းပင် ရေထဲသို့ ပြန်လွှတ်လိုက်လေသည်။ ငါးကြီးသည် ငါးမျှားချိတ်မှ လွတ်လျှင်လွတ်ချင်း ရေအောက်သို့ လျင်မြန်စွာ ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။

mgyoe.com

mgyoe.com



သည်။ ထိုအခါ ဇနီးသည်က ငါးကြီးအား ပြန်မလွှတ်မီ တစ်စုံတစ်ရာ မတောင်းခံကောင်းလားဟု အပြစ်တင်၏။ ဤတွင် ယောကျ်ားက မည်သည့်ပစ္စည်းကို တောင်းခံရမည်နည်းဟု မေးမြန်း၏။

ဇနီးက 'ကျွန်ုပ်တို့သည် ညစ်ပေ၍ လုံခြုံမှုမရှိသော ဤကျင်းထဲ၌နေရသည်မှာ ဆင်းရဲလှပါသည်။ အိမ်ငယ်တစ်လုံးမျှရသော် မည်မျှသင့်မြတ်လိမ့်မည်နည်း။ ယခုပင် သွား၍တောင်းပါ'ဟု ပြောဆိုတိုက်တွန်း၏။

တံငါသည်ကားဇနီးသည်၏တိုက်တွန်းချက်ကို မလိုက်နာလိုပေ။ သို့ရာတွင် ဇနီးကအထပ်ထပ်ပူဆာသဖြင့် နောက်ဆုံး၌ ပင်လယ်ကမ်းစပ်သို့ ထွက်လာခဲ့ရလေသည်။ တံငါသည်သည် သူပင်လယ်ကမ်းစပ်သို့ ရောက်သော် ရေမှာ အဝါရောင်နှင့် အစိမ်းရောင်များ ယှက်သန်းလျက်ရှိသည်ကို တွေ့ရသည်။

သူသည် ကမ်းစပ်မှနေ၍ ငါးကြီးအား ဟစ်ခေါ်၏။ ဇနီးသည်က လွှတ်လိုက်၍ အကူအညီတောင်းကြောင်းလည်း ပြောဆိုသည်။ ထိုခဏ၌ ငါးကြီးပေါ်လာကာ 'မည်သည့်ပစ္စည်းကို အလိုရှိပါသနည်း'ဟု မေးမြန်း၏။ တံငါသည်က အိမ်ငယ်ကလေးတစ်လုံးရလိုကြောင်း ပြောဆိုသည်။ ဤတွင် ငါးကြီးက 'ကောင်းပြီ၊ သင်အိမ်သို့ပြန်သွားပါလေ။ သင်၏ဇနီးအား အိမ်ထဲတွင် အသင့်တွေ့ရလိမ့်မည်'ဟု ဆို၏။

တံငါသည်လည်း ပြန်သွားရာ အိမ်ငယ်တစ်လုံး၏ အိမ်တံခါးပေါက်မှ ဆီးကြိုနေသောဇနီးသည်ကို တွေ့ရလေ၏။ ဇနီးဖြစ်သူသည် ဝမ်းသာအားရဖြင့် သူ့အားအိမ်အနှံ့လိုက်လံပြသသည်။

အိမ်၌ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း စသည်တို့လည်းရှိသည်။ အိမ်နောက်ဖေးဘက်တွင် သီးပင်ပန်းပင်များရှိသော ဥယျာဉ်ငယ်တစ်ခုလည်းရှိသည်။ အိမ်ဘေးနေရာလွတ်တွင်လည်း ကြက်များ၊ ဘဲများရှိသည်။ တံငါသည်မှာ ဝမ်းမြောက်မဆုံးရှိနေသည်။ သူက သူတို့တစ်သက်တာအဖို့ မပူမပင်နေထိုင်နိုင်လေပြီဟု ဆိုလေသည်။ သို့ရာတွင် တစ်ပတ် နှစ်ပတ်ခန့်ကြာသော် ဇနီးဖြစ်သူသည် ထိုအိမ်ဖြင့်မရောင့်ရဲနိုင်အောင်ဖြစ်လာ၏။ ထိုအိမ်မှာ ကျဉ်းသေးသည်။ ဥယျာဉ်မှာ ငယ်သေးသည် စသည်ဖြင့် ဆိုလာ၏။ နောက်ဆုံးတွင် ဇနီးက ငါးကြီးထံသို့သွား၍ ကျောက်နန်းတော်တစ်ဆောင် တောင်းပါဟုဆိုကာ တံငါသည်အား စေလွှတ်ပြန်၏။ တံငါသည်ကမူ ငါးကြီးစိတ်ဆိုးမည် စိုး၍ မတောင်းလိုပေ။ သို့ရာတွင် ဇနီးဖြစ်သူက အတန်တန် တိုက်တွန်းသဖြင့် ပင်လယ်ကမ်းစပ်သို့ သွားရပြန်လေသည်။

ဤအခေါက်တွင်မူ ပင်လယ်ပြင်သည် ပြာမှောင်၍ မှုန်မှိုင်းနေသည်ကို တွေ့ရသည်။ သူသည် ယခင်ကအတိုင်းပင် ငါးကြီးအား ဇနီးသည်က လွှတ်လိုက်၍ လာရကြောင်း အော်ခေါ်သည်။ ငါးကြီးလည်း ရေပေါ်သို့ တက်လာကာ မည်သည်ကို အလိုရှိသနည်းဟု မေးမြန်းပြန်၏။ သူက ကျောက်နန်းတော်တစ်ဆောင်လိုချင်ကြောင်း ပြော၏။ ငါးကြီးကလည်း အလိုဖြည့်ပေးမည်ဆိုကာ ရှေ့နည်းအတိုင်း သူ့အား အိမ်ပြန်စေ၏။

သို့ဖြင့် တံငါသည်သည် အိမ်ပြန်ရောက်သော် ဇနီးဖြစ်သူအား အလွန်ကြီးကျယ်သော ကျောက်နန်းတော်ကြီးရှေ့တွင် ထိုင်နေသည်ကိုမြင်ရလေ၏။

နန်းတော်ကြီးအတွင်း ခင်းကျင်းပြင်ဆင်ထားသည်မှာ ခမ်းနားလှပေသည်။ အခိုင်းအစေများမှာလည်း အများအပြားပင်ရှိသည်။ မြင်းဇောင်း၊ နွားတင်းကုပ်၊ ဥယျာဉ်၊ ရေကန် စသည်တို့မှာလည်း ကျယ်ပြန့်ကောင်းမွန်လှသည်။ ဤတွင် တံငါသည်က 'ဤနန်းတော်ကြီးနှင့်ပင် ကျေနပ်ပါပြီ၊ နောက်ထပ် ဘာကိုမှ အလိုမရှိတော့ပါ။ တစ်သက်တာပတ်လုံး အေးချမ်းစွာ နေထိုင်တော့အံ့'ဟု ဆိုသည်။ ဇနီးသည်ကမူ ထပ်၍တောင်းသင့် မတောင်းသင့် စဉ်းစားရဦးမည်ဟု ဆိုပြန်သည်။

နောက်တစ်နေ့နံနက်တွင် ဇနီးသည်သည် အိပ်ရာမှနိုးသောအခါ လင်ယောကျ်ားကိုနှိုးလေသည်။

mgyoe.com

mgyoe.com



ဇနီးက သူသည် မြို့စားကြီးဖြစ်လိုကြောင်း ယောက်ျားအား ပြောပြလေသည်။ ဤတွင် တံငါသည်က အတန်တန်တောင်းပန်၏။ သို့သော်မရ။ ဇနီးက ငါးကြီးထံသို့သွား၍ မြို့စားအဖြစ် ဆောင်ရွက်ပေးဖို့ တောင်းဆိုရန်သာ စေခိုင်းသည်။ တံငါသည်လည်း စိတ်မချမ်းမြေ့စွာနှင့် ငါးကြီးထံသို့သွားရပြန်သည်။ ဤအကြိမ်တွင်မူ ပင်လယ်ပြင်သည် ညို့မှောင်၍ အမြှုပ်များထနေသည်ကို တွေ့ရလေသည်။ မည်သို့ပင်ဖြစ်စေ ငါးကြီးသည် တံငါသည် တောင်းသောဆုကိုမူ ပေးလိုက်သည်။ သူ အိမ်ပြန်သောအခါ ဇနီးသည်မှာ မြို့စားကြီး ဖြစ်နေသည်ကို တွေ့လေသည်။ နန်းတော်မှာလည်း ပိုမိုခန့်ညားနေသည်။ အစေအပါးများလည်း ပိုမိုများပြားနေသည်။ သို့သော် သူ၏ဇနီးမှုကား ထိုအခြေအနေကိုပင် မရောင့်ရဲနိုင်။ ဘုရင်အဖြစ် တောင်းဆိုပေးရန် သူ့အား တိုက်တွန်းပြောဆိုပြန်သည်ကို အံ့သြစွာကြုံတွေ့ရလေသည်။

ထို့ကြောင့်လည်း ညှိုးငယ်စွာဖြင့်ပင် ပင်လယ်ကမ်းခြေသို့ သွားရပြန်သည်။ ထိုအခါ၌ကား ပင်လယ်ပြင်သည် မည်းနက်၍နောက်ကျိနေပြီ။ လေပွေများလည်း ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လျက်ရှိပြီ။ သို့ပင်ဖြစ်သော်လည်း သူသည် ဇနီးသည်မှာသည့်အတိုင်း ငါးကြီးအားခေါ်ကာ ဘုရင်အဖြစ် ဖန်ဆင်းပေးဖို့ တောင်းဆိုပြန်လေသည်။ ငါးကြီးက 'ကောင်းပြီ'ဟု ဝန်ခံလိုက်သည်။ တံငါသည် ပြန်သွားသောအခါတွင် နန်းတော်ဝင်းအတွင်းဝယ် စစ်တပ်များကို တွေ့ရသည်။ တံပိုးသံ၊ ခရာသံများကိုလည်း ကြားရသည်။

တံငါသည်သည် နန်းတော်တွင်းသို့ ဝင်ရောက်သွားသောအခါ၌ကား သူ၏ ဇနီးသည်အား ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရ၏။ သူ့ဇနီးခေါင်းပေါ်တွင်လည်း ရွှေသရဖူဆောင်းထားသည်ကို မြင်ရသည်။ အနီးတွင်လည်း အပျိုတော်များ ခစားနေကြသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ၊ လောဘကြီးသော ဇနီးသည်ကား ထိုမျှနှင့် မကျေနပ်နိုင်သေးပေ။

သူသည် အတိုင်းတိုင်း၊ အပြည်ပြည်နှင့် နိုင်ငံအများအပြားကို ပိုင်ဆိုင်သည့် ဧကရာဇ်ဘုရင်ကြီးဖြစ်လိုသည်ဟု ဆိုပြန်လေသည်။ တံငါသည်က ထိုမျှလောဘမကြီးသင့်ကြောင်း ဖျောင်းဖျပြောဆို၏။ ရောင့်ရဲတင်းတိမ်ခြင်းမရှိသော ဇနီးသည်ကမူ သူ၏စကားတို့ကို လုံးဝနားမထောင်တော့ပေ။ သူလိုသောဆုကို ငါးကြီးထံ အမြန်သွားရောက်တောင်းယူပေးရန်သာ အပူတပြင်း ခိုင်းစေလေသည်။

ဤတွင် တံငါသည်က မသွားဝံ့တော့ကြောင်း ငြင်းဆန်သည်။ ထိုအခါ ဇနီးက သူသည်ဘုရင်ဖြစ်နေပြီ။ သူ၏အမိန့်အတိုင်း ချက်ချင်းပြုလုပ်ရမည်ဟု အမိန့်ပေးလေသည်။ တံငါသည်လည်း သူ၏အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် စိတ်မချမ်းမြေ့စွာနှင့်ပင် ထွက်ခဲ့ရပြန်သည်။ သူသည် ပင်လယ်ကမ်းခြေသို့ရောက်သောအခါတွင်ကား လေတို့သည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိလေပြီ။ ပင်လယ်ပြင်သည် လှိုင်းတံပိုးများထကာ နိမ့်ချည်မြင့်ချည်ဖြစ်နေလေသည်။ သင်္ဘောများသည်လည်း လှိုင်းလုံးများကြားတွင် လူးလိမ့်နေကြသည်။ ကောင်းကင်ပြင်တွင်ကား အပြာရောင် အနည်းငယ်မျှသာ ရှိတော့သည်။ တစ်မိုးလုံးနီရဲကာ ပြင်းထန်သော လေမုန်တိုင်းကျရောက်တော့မည့်အသွင်ကို ဆောင်နေသည်။ တံငါသည်မှာ ထိတ်လန့်တုန်လှုပ်လှသဖြင့် ဒူးများပင် တဆတ်ဆတ်တုန်နေလေသည်။ မည်သို့ပင်ဖြစ်စေ သူ၏ဇနီးသည် စေခိုင်းသည့်အတိုင်း သူသည် ငါးကြီးကိုခေါ်ကာ တောင်းဆိုရပြန်လေ၏။

သူအပြန်တွင် ဇနီးသည်အား ကြီးမားလှသော သရဖူကြီးဆောင်းလျက် ရှိသည်ကိုတွေ့ရသည်။ ဇနီးထိုင်နေသည့် ရာဇပလ္လင်ကြီးမှာလည်း မူလရာဇပလ္လင်ထက် အဆပေါင်းများစွာ လှပတင့်တယ်ကြီးကျယ်နေလေတော့သည်။ နန်းတော်ဝန်းကျင်တွင်လည်း ရဲတိုက်များဝန်းရံတည်ရှိနေသည်ကို တွေ့ရ၏။ အပြည်ပြည်မှ

mgyoe.com



မင်းတို့ ဆက်သလာသော လက်ဆောင်ပဏ္ဏာများမှာလည်း ကြည့်၍မဆုံးနိုင်အောင်ပင် များပြားလှပေသည်။

သူသည် ဖနီးသည်အပါးသို့ ချဉ်းကပ်လျက် "ရှင်မ သင်သည် ကေရာဇ်ဘုရင်ဖြစ်ပြီလော"ဟု မေးမြန်းသည်။ ဖနီးသည်ကလည်း 'ဖြစ်ပြီ'ဟု ဖြေ၏။ ထိုအခါ တံငါသည်က 'ဤသို့ဆိုလျှင် သင့်အဖို့ကျေနပ်လောက်ပေပြီ။ နောက်ထပ်၍ ဘာမျှမတောင့်တနှင့်တော့'ဟု သတိပေး၏။ ဖနီးသည်ကမူ 'စဉ်းစားရဦးမည်'ဟုပင် ဆိုကာ အိပ်ရာသို့ ဝင်လေသည်။

နံနက်လင်းသောအခါ နေမင်းသည် အရှေ့ဘက်မှ ထွက်ပြူလာ၏။ ဖနီးသည်သည် အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် ပြတင်းမှ လှမ်းမြင်ရသော နေမင်းကိုကြည့်ကာ 'ငါသည် နေထွက်ခြင်းကို တားမြစ်နိုင်သော်ကောင်းလေစွ'ဟု တောင့်တမိပြန်သည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူအား နှိုး၍ ငါးကြီးထံ စေလွှတ်ပြန်သည်။ သူ့အတွက် နေနှင့်လတို့ကို စေခိုင်းနိုင်သည့် တန်ခိုးအာဏာကို ဖန်ဆင်းပေးဖို့ တောင်းဆိုရမည်ဟု သင်ကြားလိုက်၏။

ခင်ပွန်းသည်ကမူ မကြံအပ်၊ မကြံစည်ရာသည်ကို မကြံပါနှင့်ဟု တားမြစ်သည်။ သို့ရာတွင် ဖနီးဖြစ်သူက နေနှင့်လတို့ သူ၏အခွင့်မရဘဲ ထွက်ပေါ်သည်ကို မည်သည့်နည်းနှင့်မျှ သူမရှုဆိတ်နိုင်၊ ယခုချက်ချင်းပင် သွား၍ ငါးကြီးအား ပြောရမည်ဟု အမိန့်ပေးစေခိုင်းလေသည်။

တံငါသည်လည်း ကြောက်ရွံ့စွာနှင့်ပင် ထွက်ခွာလာခဲ့သည်။ ဤအကြိမ်တွင်ကား ကြောက်မက်ဖွယ်မုန်တိုင်းသည် စတင်တိုက်ခတ်လေတော့သည်။ လေမှာ ပြင်းလွန်းသဖြင့် သစ်ပင်ကြီးများသာမက ကျောက်ဆောင်များပင် လှုပ်ရှားယိမ်းယိုင်နေသယောင် ထင်ရသည်။ ကောင်းကင်ပြင်သည် နက်မှောင်နေ၏။ လျှပ်စစ်တို့သည်လည်း ကြောက်မက်ဖွယ်ရာ လက်ကြသည်။ မိုးချုန်းသံနှင့် မိုးကြိုးပစ်သံတို့မှာ ဆူညံစွာ မြည်ဟည်းလျက်ရှိသည်။ ပင်လယ်ပြင်တွင် တောင်ငယ်ပမာဏမျှရှိသော လှိုင်းလုံးကြီးတို့သည် ဖြူဖွေးသော အမြှုပ်များထကာ အရှိန်ပြင်းစွာ တက်ကြွလျက်ရှိပေသည်။

တံငါသည်သည် ကျယ်လောင်စွာအော်ဟစ်၍ ငါးကြီးကို ခေါ်လေသည်။ ငါးကြီးလည်းလှိုင်းများအကြားပေါ်လာကာ 'ဘာအလိုရှိပြန်သနည်း'ဟု မေးမြန်း၏။ 'ကျွန်ုပ်၏ဖနီးသည်က နေနှင့်လတို့ကို လွှမ်းမိုးအုပ်ချုပ်မင်းလုပ်လိုသည်ဟု ပြောပါသည်'ဟု တံငါသည်က ပြောကြားလေသည်။ ဤတွင် ငါးကြီးသည် အမျက်ထွက်စွာဖြင့် 'ဟယ်–မရောင့်ရဲနိုင်သောလူမိုက်များ၊ သင်တို့သည် သင်တို့၏ မူလကျင်းကြီးနှင့်သာ ထိုက်တန်ပေတော့သည်။ ယခုပြန်၍ သွားလေတော့။ သင်တို့အား ကျွန်ုပ်ဖန်ဆင်းပေးထားသော အဆောင်အယောင်များအားလုံး ပျောက်ကွယ်၍ သင်တို့၏ မူလအခြေအနေအတိုင်းသာ တွေ့ရလိမ့်မည်'ဟုဆိုကာ ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။

တံငါသည်လည်း ဝမ်းနည်းစွာဖြင့် ပြန်လာရလေသည်။ ငါးကြီးပြောသည့်အတိုင်းပင် နန်းတော်နှင့်တကွ အဆောင်အယောင်များအားလုံး မရှိတော့။ ဖနီးသည်မှာ ဟောင်းနွမ်းစုတ်ချာသည့် အဝတ်များကိုဝတ်လျက် ကျင်းထဲ၌ ငုတ်တုတ်ထိုင်နေသည်ကိုသာ တွေ့ရလေသည်။ ထိုနေ့မှစ၍ သူတို့သည် ထိုကျင်းကြီး၌သာ နေထိုင်ကြရလျက် အသက်ထက်ဆုံး တံငါအလုပ်ကို လုပ်ကိုင်ကြရလေသတည်း။

မင်းယုဝေ

(ရုံဘော်နှင့် အခြားပုံပြင်များမှ)

✤ ✤ ✤

mgyoe.com